# COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

## နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ မတ်လ (၃) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂-၃-၂၀၂၀) ရက်နေ့ထုတ်ပြန်ချက်အရ COVID-19 ရောဂါသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၆၅) နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိနေပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါဖြစ်ပွားသူ မတွေ့ရှိသေးသော်လည်း လေကြောင်း၊ ရေကြောင်းနှင့် ကုန်းလမ်းကြောင်း၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များကို ဖြတ်သန်း၍ ရောဂါဖြစ်ပွားပျံ့နှံ့ရာ နေရာဒေသများမှ ခရီးသည် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ ပြည်တွင်းသို့ ဝင်ရောက်မှုများရှိနေပါသည်။
- COVID-19 ရောဂါပိုးကူးစက်ခံရပါကချက်ချင်းရောဂါ လက္ခဏာများပြသမည်မဟုတ်ဘဲ ရောဂါပျိုးချိန်ကာလ (incubation period) တစ်ခုကျော်လွန်သည့်အခါမှသာ ရောဂါလက္ခဏာများစတင်ပြသ၍ နာမကျန်းဖြစ်ပွားမည် ဖြစ်ပါသည်။ ရောဂါပျိုးချိန်ကာလ (incubation period) သည် အနည်းဆုံး (၂) ရက်မှ (၁၄) ရက်အထိကြာမြင့်နိုင်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှု မရှိစေရေးအတွက် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်းနှင့် ရောဂါဖြစ်ပွားမှုရှိပါကလည်း ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ခြင်းတို့ဖြင့် အသက်သေဆုံးမှု အနည်းဆုံးဖြစ်စေရေးအတွက် ရှုထောင့်အမျိုးမျိုးမှ ဘက်စုံသုံးသပ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

- COVID-19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ (သို့မဟုတ်) ရောဂါဖြစ်ပွား သေဆုံးမှုများပြားနေသော နေရာဒေသ၊ နိုင်ငံများမှ ပြည်တွင်းသို့ ရောက်ရှိလာကြသူများသည် ရောဂါပိုးကူးစက်ခံခဲ့ရသူများဖြစ်နေနိုင်သဖြင့် လက်ရှိအချိန်တွင် ရောဂါလက္ခဏာ တစ်စုံတစ်ရာ ပြသခြင်းမရှိသေးသော်လည်း ရောဂါပျိုးချိန် (၁၄) ရက်အတွင်း ရောဂါဖြစ်ပွားနိုင်မှုအခွင့်အလမ်းရှိပါသည်။
- သို့ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ (သို့မဟုတ်) ရောဂါဖြစ်ပွားသေဆုံးမှုများပြားနေသော နေရာဒေသနှင့် နိုင်ငံများမှ ပြည်တွင်းသို့ ရောက်ရှိလာကြသူများအား အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ကိုဆောင်ရွက်လျက်ရှိပါသည်။
- ထိုသို့ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ကို ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုရှိပါက ချက်ချင်းစစ်ဆေးကုသမှုပေးအပ်နိုင်ကာ ရောဂါပြင်းထန်မှုနှင့် သေဆုံးနိုင်ခြေကို လျှော့နည်းစေနိုင်သဖြင့် ကာယကံရှင်ကိုယ်တိုင်အတွက် အကျိုးရှိရုံမျှမက မိသားစု၊ မိတ်ဆွေနှင့် အခြားသူများထံသို့လည်း ရောဂါကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်သည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈) ရက်နေ့တွင် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ (၂၁) ပုဒ်မခွဲ (ခ) ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံးကာ (အမိန့် ၁၉/၂၀၂၀) ဖြင့် COVID-19 ရောဂါကို **"ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့်ကူးစက်ရောဂါအဖြစ် သတ်မှတ်သည့်အမိန့်"** အား ထုတ်ပြန်

ခဲ့ခြင်းမှာ COVID–19 ရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ကာကယံရှင်ကိုယ်တိုင်သော်လည်းကောင်း၊ မိသားစုဝင်များမှသော်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံ/ ဆေးခန်းမှသော်လည်းကောင်း နီးစပ်ရာကျန်းမာရေးဌာနထံသို့ မဖြစ်မနေ အသိပေးတိုင်ကြားစေရန် အတွက် ဖြစ်ပါသည်။

- သို့ဖြစ်ပါ၍ ကာယကံရှင်ကိုယ်တိုင်၏အကျိုးအတွက်သာမက မိသားစု၊ မိတ်ဆွေနှင့် အများပြည်သူထံ ရောဂါထပ်ဆင့်ကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် COVID–19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ၊ ရောဂါကူးစက်ပြန့်ပွားမှုများပြားရာနေရာဒေသမှ ပြည်တွင်းသို့ရောက်ရှိခဲ့သူများနှင့် သံသယရောဂါလက္ခဏာဖြစ်ပွားလာသူများအနေဖြင့် အနီးဆုံးကျန်းမာရေးဌာနသို့ မဖြစ်မနေ သတင်းပေးပို့ကြရန် ဖြစ်ပါသည်။
- ထို့အပြင် သံသယရောဂါလက္ခဏာဖြစ်ပွားသူများကို တွေ့ရှိပါက ပြည်သူများအနေဖြင့်လည်း အနီးဆုံးကျန်းမာရေးဌာနထံသို့ သတင်းပေးပို့ပါရန် ထပ်မံတိုက်တွန်းနှိုးဆော်အပ်ပါသည်။